# အိမ်မြှောင် လျှောင်အိမ်

## အခန်း(၉)

မယုံကြည်နိုင်လောက်အောင် အဖြစ်အပျက်တွေ အမျိုးမျိုး ဖြစ်လာတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတွေရဲ့ ယုံကြည်မှုတွေ ရနိုင်အောင် လုပ်နိုင်ခဲ့တယ် မဟုတ်ပါလား?

ဗေဒင်ဟော၊ လက္ခဏာကြည့်၊ ကြွက်ရောင်း ဆေးလိပ်ရောင်းနဲ့ အကျဉ်ထောင်ထဲမှာ တခန်းဝင် တခန်းထွက်နဲ့ လူတိုင်းနဲ့ ပေါင်းရ၊ သင်းရ လုပ်ရင်းနဲ့ ကြားသမျှ သတင်းတွေကို ထောင်မှူးကို အမြဲတမ်း သတင်းပေးလုပ်ရတယ်။ ကိုယ်ခြေဖဝါးထက်ကြီးတဲ့ ရာဘာဖိနပ်ကို စီးပြီးလမ်းလျှောက်ရတာ တော်တော် အဆင်မပြေတဲ့ အလုပ်ဖြစ်ပါတယ်။ နောက်ပြီးရှုံ့တွေပေနေတဲ့ လမ်းပေါ်ကို လျှောက်ရင်း လုံချည် ရွှံ့ မပေအောင် ဒူးခေါင်းအထိ မထားရတယ်။ ဒူးပေါ်ပေါင်ပေါ် သွားရတာပေါ့။ မကြာမီ ရိုလာ တုံးကြီးတွေကို လှည့်ပေးရင်း မိုးရေတွေကို အပြင်ဘက်ရောက်သွားအောင် ရှေ့တိုး၊နောက်ဆုတ်နဲ့ တယ်ပင်ပန်းတဲ့အလုပ်ဖြစ်ပါတယ်။ ခါးတွေနာ၊ လက်တွေကိုက်၊ သေချင်လောက်အောင် ပင်ပန်းတယ်။ တကယ့်ကို ဘာမှ အဓိပ္ပါယ်မရှိတဲ့ အလုပ်ပဲ။ ဒါပေမဲ့ ထောင်ထဲမှာတော့ မလုပ်မနေရ လုပ်ရပါတယ်။

အမှန်အတိုင်းပြောရရင် သူတပါးယိုတဲ့ ချေးတွေ သွန်ပေးရ၊ သေးအိုးသွန်ပေးရတာ သက်သာပါတယ်။ ဒါမှ မြန်မြန်ထောင်ထဲက ထွက်ရအောင် ဒီအလုပ်တွေ မလုပ်ချင်လည်း လုပ်ရပါတယ်။ အဆောင် ၄ အဆောင် ၅ ဘက်ကို ဖြတ်လျှောက်နေရင်း အစောင့်မျှော်စဥ်ဘက်ကို လှမ်းကြည့်မိတော့ သူနဲ့ လုံးဝမတွဲတဲ့ လူရဲ့ မျက်နှာကို ကြည့်ရင်း အမေးခံရတာကို ပြန်ဖြေခဲ့ရသေးတယ်။ သူလည်း ထောင်ကျတဲ့ လူပဲ ဖြစ်ပေမဲ့၊ သူက စစ်ဆေးပိုင်ခွင့်ရထားတယ်။ ထမင်းချက်တဲ့ ထောင်ဖိုကြီးကိုလည်း

ဖြတ်လျှောက်ရင်း၊ စားဖိုမှူးကြီး ထိုင်ပြီး အာလူးနွှာနေတာတွေ့ တော့ လက်ပြနှုတ်ဆက်ပါတယ်။ စားဖိုမှူးကြီးက ခေါင်းလေးငြိမ့်ပြတယ်။ စားဖိုမှူးကြီးရဲ့ မေးစေ့နှစ်ထပ်ကို ကြည့်ရင်းနဲ့ ကိုစိန်ယုံစိတ်ထဲမှာ ထင်ယောင်မိတာ တခုရှိပါတယ်။ ထောင်အကျဉ်းကျလူတွေရဲ့ စားစရာတဝက်လောက်ကို သူခိုးတယ်။ ကျန်တဲ့ တဝက်ထဲက လေးပုံတပုံကို လူငယ် ချောချောလေးတွေ ထောင်ထဲရောက်လာရင် သူမွေးစားသား သဖွယ် အသုံးချရင်း လိုတာပေးကျွေးဖို့ ဖြစ်ပါတယ်။

ဖိုထဲက စားစရာတွေကို တိတ်တိတ်ရောင်းစားတယ်။ **နိုင်ငံရေး အကျဉ်းသားတွေ အစားအစာမလုံလောက်ဘဲ ပိန်ချုံးကျနေတာကို စားဖိုမှူး လုံးဝဂရုမစိုက်ပါဘူး။** ထောင်ထဲက စေတီလေးဟာ ဖိုကြီးနဲ့ ဆေးရုံရဲ့ကြားမှာရှိပါတယ်။ ထောင်ချုပ်ရုံးကြီးရယ်၊ ထောင်မှူးတွေ အဆောင်နဲ့ မနီးမဝေး ဖြစ်ပါတယ်။ ထောင်ထဲက လူအများအပြား စေတီမှာ တခါတရံလာပြီး ရှိခိုးကြသလို အဲဒီစေတီဟာ ထောင်မှူးတွေနဲ့ ထောင်ကျတွေ အပေးအယူလုပ်တဲ့ နေရာလည်း ဖြစ်ပါတယ်။ ထောင်ကျတွေဟာ သူတို့ ရဲ့ ထောင်ဒဏ် လျှော့ပေါ့ လွှတ်ငြိမ်းခွင့် မြန်မြန်ရစေကြောင်း ဆုတောင်းကြတဲ့ နေရာ ဖြစ်ပါတယ်။

များသော အားဖြင့် အမှုသိပ်မကြီးတဲ့ သူခိုး၊လိမ်လည်မှုနဲ့ ထောင်ကျ အချုပ်သမားတွေ များပါတယ်။ ထောင်ထဲက မြန်မြန်ထွက်ဖို့ အမှုသေးတဲ့ လူတွေက စိတ်ကူးပိုယဉ် နိုင်တယ်လေ။ ထောင်ထဲမှာ နေရ၊ စားရတဲ့ဘဝ၊ ဗိုလ်ကျခံရတဲ့ဘဝတွေကို ခံစားနေရတာ ထောင်ကျနှစ် နည်းပေမဲ့ ထောင်ထဲမှာ အကြာကြီး နေကြရတယ်လို့ ခံစားကြရပါတယ်။ အမှုငယ်တဲ့ အကျဉ်းသားများဟာ ထောင်ထဲကနေ မြန်မြန် ပိုလွှတ်ချင်ကြတယ်။ သူတို့ တွေဟာ စိပ်ပုတီးကို လူမြင်၊ သူမြင် စိပ်ကြတယ်။ ဘုန်းကြီးတွေထက်တောင် ဘုရားရှိခိုးသလိုဘဲလို့ ထင်တယ်။ ထောင်ဝင်းတွယ်တက်ဖို့ ဆိုတာ လုံးဝမဖြစ်နိုင်ပါ။ အစွမ်းရှိလို့ ထောင်နံရံကျော်ထွက်ပြေးဖို့ ကြိုးစားရင်လည်း ထောင်နံရံ တဝက်မရောက် ခင်မှာ အစောင့် ရဲ့ သေနတ်စာမိသွားမှာ သေချာပါတယ်။

**တကယ် အစောင့် မမြင်ဘဲ ထောင်နံ ရံတွေ ကို အမြဲတမ်း ကျော်နေတာဟာ ခြတွေ၊ ပိုးဟပ် တွေ၊ ဂျပိုးတွေဘဲ ဖြစ်ပါ တယ်။ လူတယောက် ထောင်ထဲက လွတ်ဖို့ ဆို တာ သံတံခါး ၂ ထပ်ကို တရားဝင် ထိုးဖောက်ရမှာ ဖြစ်တယ်။ ဒါပေမဲ့ ထောင်ထဲကိုတော့ ဘယ်တော့မှ ပြန်မလာနဲ့ တော့။**

ထောင်မှူးကို သစ်သီး၊သစ်ရွက်တွေ ပေးရင်း၊ ရေချိုးဖို့ ဆပ်ပြာတွေ၊ ရေအကြိမ်များများ ချိုးခွင့်ရဖို့ တွေ ကြိုးစားရတယ်။ ဂျပိုးတွေ ကိုက်ခံရလို့ တကိုယ်လုံးလည်း ယားယံနေတယ် မဟုတ်လား။ ထောင်ထဲက အကျဉ်းသား ထောင်ပေါင်းများစွာကို ကိုက်တဲ့ ဂျပိုးတွေ ဘယ်လောက်များ ရှိလိမ့်မလဲနော်။ ကိုစိန်ယုံဟာ ငွေကြေးအလွန် မက်မောသူ ဖြစ်ပါတယ်။ ထောင်မကျခင် အပြင်လောကမှာ ကျောက်အရောင်း အဝယ်လုပ်တယ်၊ ပွဲစား အိတ်ကလေးတွေက သွန်ချလိုက်တဲ့

ပတ္တမြားလုံးတွေဟာ နီရဲတောက်ပနေတယ်။ စစ်တပ်မှူးကြီးတွေရဲ့ ပစ္စည်းတွေကို နယ်စပ်အထိ ရောက်အောင် သယ်ယူသွားပေးမဲ့ လူငယ်တွေကို ရှာပြီး စည်းရုံးကြရတယ်။ တခါတလေ အရှက်တကွဲ အကျိုးနဲ ဖြစ်ကြတာလည်း ရှိပါတယ်။ ပစ္စည်းတွေရော လူပါ ပျောက်သွားတဲ့ အခါမျိုးပေ့ါ။

ဒါပေမဲ့ ရိုးသားပြီး ကြိုးစားတဲ့ကောင်လေးတွေ ရှာနိုင်ခဲ့ရင် ကိုစိန်ယုံ ကံကောင်းတယ်လေ။ ဒါမှဘဲ စစ်တပ်မှူးကြီးတွေက ကိုစိန်ယုံကို ပစ္စည်းပျောက်မှုနဲ့ လည်းပင်းကို မလှီးဖြတ်မှာဖြစ်တယ်။ သူတို့ ရဲ့ အသေသတ်ခြင်းကို မခံရဘဲ ထောင်ကျတာတခုလေးကိုဘဲ ကျေးဇူးတင်ရမလိုဖြစ်တယ်။ စဉ်းစားနေရင်းနဲ့ ထောင်ဝါဒါတွေရဲ့ အရိပ်အယောင်မြင်တော့ တခြားအကျဉ်းသားတွေနဲ့ ယောင်နေလိုက်တယ်။ သူတို့နဲ့ ရောပြီး ဘုရားကို ဦး ၃ ကြိမ်ချ ကန်တော့လိုက်တယ်။

တကယ် အစောင့် မမြင်ဘဲ ထောင်နံရံတွေကို
အမြဲတမ်းစောင့်နေတာဟာ ခြင်တွေပိုးဟပ်တွေ၊
ကျပိုးတွေဘဲ ဖြစ်ပါတယ်။ လူတယောက်
ထောင်ထဲက
လွတ်ဖို့ ဆိုတာ သံတံခါး ၂ ထပ်ကို
တရားဝင် ထိုးဖောက်ရမှာ ဖြစ်တယ်။

ကျောက်တုံးလို ခက်ထန်မာကျောတဲ့ ထောင်ဝါဒါတွေ မျက်နှာဟာ တော်တော်အကြည့်ရဆိုးပါတယ်။ ဒါပေမဲ့ တယောက်နဲ့ တယောက် စီစဉ်ထားတဲ့အတိုင်း ထောင်းမှူးလက်ထဲက ပလပ်စတစ်ထုပ်လေးကို လူမမြင်အောင် လှမ်းယူပြီး ကိုစိန်ယုံ ပုဆိုးထဲ ထဲ့လိုက်တယ်။ ပုဆိုးထဲမှာ လျှို့ဝှက် ကပ်အိတ်လေး ချုပ်ထားတယ်။ ပုဆိုးဖြန့် လိုက်ရင်လည်း အောက်ကျမသွားဘူးပေ့ါ။

အခုချိန်က စပြီး ကိုစိန်ယုံ လှုပ်ရှားတော့မယ်။ ထောင်စိုက်ခင်းတွေကို ဖြစ်လျှောက်ရင်း ထောင်စိုက်ခင်းထဲက သီးနှံတွေဘယ်လောက်ထွက်သလဲ၊ ခရမ်းသီးရော ဘယ်လောက်ထွက်သလဲ ဆိုတာ မသိမသာ အကဲခတ်နေတယ်။ ကိုစိန်ယုံဟာ ထောင်ကျတွေနဲ့ ခင်ခင်မင်မင်ရှိတတ်ပေမဲ့

နိုင်ငံရေး အကျဉ်းသားများကိုတော့ သိပ်သဘောမကျဘူး။ နိုင်ငံရေးသမားတွေ ရှိတဲ့ အဆောင် ၃ ဘက်ကို လျှောက်ခဲ့တယ်။ ကိုစိန်ယုံ စိတ်ထဲမှာ သူတို့တွေဟာ တစုံတခုကို ကြိတ်ပြီး တိုင်ပင်နေကြတယ်ထင်တယ်။ တယ်လည်း နှလုံးရည်ထက်သန်တဲ့ လူတွေဘဲ။ အဲဒီအထဲမှာ လူအများစုက တမျိုးမျိုးသန်းကာ အချင်းချင်းလေးစားကြတယ်။ ခေါင်းဆောင်လို သဘောထားကြတယ်။

အဆောင် ၃ ဘက် သွားနေတာ ကိုစိန်ယုံမှာ အကြံရှိတယ်။ သူသာ ထောင်မှူးတွေ ကြိုက် နိုင်တဲ့ အစီအစဉ်တခု လုပ်နိုင်ရင် သူ့ရဲ့ ထောင် ကျ နှစ်လျော့မယ်။ ကံကောင်းရင် မြန်မြန် လွတ် နိုင်တယ်မ ဟုတ်လား။ အဲဒီ အစီစဉ် အ ကောင် အထည် ဖော်နိုင် ရင် ထောင်ပိုင်ကြီးရဲ့ ဆု လာဒ်တွေ ခံစားရဦး မှာဘဲလို့ စိတ်ထဲက တွေး ပျော်နေမိတယ်။ အဆောင် ၃ ထဲက နိုင်ငံရေးသမားတွေကို စည်းရုံးနိုင်လို့ အဲဒီလူတွေရဲ့ ထောင်ဝင်စာတဝက်လောက်ကို သူတို့ လိုချင်တဲ့ စာရွက်နဲ့ ဘောပင် လဲလို့ ရတာ မဟုတ်ပါလား။

> ဗိုထဲက စားစရာတွေကို
> တိတ်တိတ်ရောင်းစားတယ်။
> နိုင်ငံရေး အကျဉ်းသားတွေ
> အစားအစာ မလုံလောက်ဘဲ
> ပိန်ချုံးကျနေတာကို
> စားဖို့မျိုး လုံးဝဂရုမစိုက်ပါဘူး။

တေဇ(သို့) တေးဆိုငှက် အကြောင်းစိတ်ထဲရောက်သွားတယ်။ အဲဒီကောင်လေးဟာ ဆေးလိပ် အစီခံထဲက သတင်းစာဖြတ်ပိုင်းလေးတွေ ဖတ်ဖတ်ပြီး ချေးအိုး(ဂန်ဖလား)ထဲ ထဲ့ပစ်တာ ခဏခဏဘဲ။ တေဇဟာ ထောင်ထဲမှာ စည်းကမ်းချိုးဖောက်တယ်ဆိုရင် အမှားပဲ။ နိုင်ငံရေးအကျဉ်း သားတွေ ထောင်ထဲမှာ စာမဖတ်ရဘူး။ ပိုပြီး အသိဉာဏ် ပေါ်လာမှာ စိုးရိမ်ရတယ်။ တကယ်ဆိုရင် တော်တော်အသုံးမကျတဲ့ တေဇဟာ သူလွှင့်ပစ်တဲ့ အိမ်မြှောင်အရိုးစုလေးတွေရယ် စာဖြတ်ပိုင်းလေးတွေရယ်ကို လူတွေမမြင်အောင် သူပါတဲ့ ချေးနဲ့ လုံအောင်မဖုံးနိုင်ဘူး။

ကိုစိန်ယုံ ထရပ်လိုက်ပြီး ကွမ်းတံတွေးထွေးလိုက်တယ်။ သူ့ ရဲ့ အစီအစဉ်တွေအတွက် ကြိတ်ပြီး ပီတိဖြစ်နေတယ်။ သူ့ရဲ့ အစီအစဉ်ထဲမှာ ထည့်ပစ်လိုက်တယ်။ တေဇလည်း နိုင်ငံရေး အကျဉ်းသမားဘဲ သူနဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ လက်တွဲခံစားပါစေပေါ့။

အဲ……အချိန်တောင်ကြာသွားပြီ။ ပုဆိုးထဲက ဝှက်ထားတဲ့ ဘိန်းဖြူမှုန့် ထုပ်လေးကို တန်းစီးကြီး ကိုကျားကြီးဆီ သွားပေးရဦးမယ် မဟုတ်လား။

ကိုစိန်ယုံဟာ ထောင်ထဲမှာလည်း မကောင်းတာဟူသမျှ လုပ်ပေမဲ့ ဘိန်းဖြူမှုန့် ထုပ် ကို ပုဆိုးထဲ ထည့်ပြီးသွားနေတာ စိတ်ထဲသိပ် လန့် နေတာအမှန်ပဲ။

**ဘာဘဲဖြစ်ဖြစ် ဘိန်းဖြူတွေ ထုတ် လုပ်ပေးဖို့ ပင်ပန်းကြီးစွာ ကြိုးစားထမ်း ဆောင် နေတဲ့ စစ်ဗိုလ်ချုပ်ကြီးတွေကို ကျေးဇူး တင်တာ အမှန်ပါ။**

ဘာဘဲဖြစ်ဖြစ် ဘိန်းဖြူတွေ ထုတ်လုပ်ပေးဖို့ ပင်ပန်းကြီးစွာ ကြိုးစားထမ်းဆောင်နေတဲ့ စစ်ဗိုလ်ချုပ်ကြီးတွေကို ကျေးဇူးတင်တာ အမှန်ပါ။

တခြား ထောင်ကျ တွေလည်း တန်းစီး ကိုကျားကြီးအတွက် လုပ်ပေး နေတယ်ဆိုတာ သိ တန် သလောက်တော့ သိကြပါတယ်။ အကျဉ်း ထောင်ထဲမှာ ဆေးလိပ် တလိပ်ထောင် တန်ဖိုးရှိ လှရင် ဒီ နံပါတ်ဖိုး ဘိန်းဖြူမှုန့် တထုပ်အတွက်ဆို အသက်ပါ လုပ်ကြံကြမှာ သံသယ မရှိကြပါနဲ့။ အဆောင် ၄ ရောက်တော့မယ်။ ထောင်ထဲမှာ အဆောင်ကြီး ၅ ခုရှိပေမဲ့ အဆောင် ၄ ဟာ အကြီးဆုံးဘဲဖြစ်တယ်။ အကျဉ်းသားများစွာ ထားရှိတယ်။ အခန်းတွေလည်းများတယ်။ တချို့ အခန်းဆိုရင် အကျဉ်း သား ၅၀ လောက် ထည့် ထားတယ်။

အခန်းတိုင်းမှာ အခန်းလူကြီးရှိတယ်။ အဆောင်တိုင်းမှာလည်း တန်းစီးတယောက်ရှိစမြဲပဲ။ ကိုစိန်ယုံရဲ့ အခန်းလူကြီးဟာ နှာခေါင်းပုံမကျ၊ ပန်းမကျ။ ပါးမှာလည်း အမာရွတ်ကြီးရှိတယ်။ (မှတ်ချက်။ ။ လူတွေပြောကြတာ ရန်ဖြစ်လို့ ရတဲ့ အမာရွတ် မဟုတ်ဘူး။ ကားမှောက်ရင်းရတာတဲ့)။ အဲဒီ အခန်းလူကြီးက အရင်အခန်းလူကြီးအိပ်နေတုန်း သတ်ပစ်လိုက်ပြီး အဲဒီအခန်းလူကြီး နေရာကို

ယူထားတဲ့ သူဖြစ်ပါတယ်။ အိပ်ယာထဲမှာ အိပ်နေတုန်း အုတ်ခဲနဲ့ သေအောင် အဆက်မပြတ် ထုသတ်တာ ဖြစ်တယ်။ ဒါကြောင့်လည်း ကိုစိန်ယုံရဲ့ အခန်းလူကြီး ကိုအေးမောင် နာမည်ကြီးတာဘဲ။ အနေအထိုင် သက်သာအောင် သစ်သီး၊ သစ်ရွက်တွေကို ထောင်မှူး ကိုလူချောကို ပေးသလို အခန်း လူကြီး ကိုအေးမောင်ကိုလည်း မျက်နှာလုပ်ရပါတယ်။ သူသတ်သမားများဟာ ထောင်ထဲမှာ အလေး စားခံရတယ်။ ဒါကြောင့်လည်း အခန်း လူကြီးဖြစ်တာပေ့ါ မဟုတ်လား။ ပုဆိုး ထဲက လျှို့ဝှက်အိတ်ကို

> **အဲဒီ စေတီဟာ ထောင်မှူးတွေနဲ့ ထောင်ကျတွေ အပေးအယူလုပ်တဲ့ နေရာလည်း ဖြစ်ပါတယ်။ ထောင်ကျတွေဟာ သူတို့ရဲ့ ထောင်ဒဏ် လျော့ပေါ့ လွတ်ငြိမ်းခွင့် မြန်မြန်ရစေကြောင်း ဆုတောင်းကြတဲ့ နေရာဖြစ်ပါတယ်။**

လက်နဲ့ စမ်း လိုက် တယ်။ ဒီပလတ်စတစ် ဘိန်းဖြူ ထုပ်လေး တန်းစီး ကိုကျားကြီးလက်ထဲ မြန်မြန် ရောက်သွားရင် ကိုစိန်ယုံရဲ့ အလုပ်ပြီးပြီပေ့ါ။

ဝါဒါများက ထောင်တံခါးကြီးကို ဖွင့်လိုက်တယ်။ ထောင်ထဲကို ပြန်ပြန် ဝင်ရတဲ့အချိန်ကို စိတ်အညစ်ဆုံးဘဲ။ တနေ့ လုံး ရောက်တတ်ရာရာ သွားနိုင် ပြီး ပြန်ချိန်ရောက်ရင် အဆောင်ထဲကို ပြန်ဝင်ရမှာ ကြောက်တယ်။ တန်းစီး ကိုကျားကြီး နာမည်ရလာတာ သူ့ ရဲ့ ကျောပြင်တခုလုံးမှာ ကျားကြီး တ ကောင်ရဲ့ ပုံကို ဆေးမှင်ကြောင် လှပစွာထိုးထားတာဖြစ်ပါတယ်။

သူဟာ သိပ်ပြီး ကျမ်းမာ သန်စွမ်းတဲ့ လူဖြစ်ပြီး၊ အသတ်အပုတ် ကျွမ်းကျင်သူဖြစ်ပါ တယ်။

ကိုစိန်ယုံဟာ တန်းစီး ကိုကျားကြီး မှာသမျှ ပစ္စည်းကို ကိုကျားကြီးလက်ထဲကို တိုက်ရိုက် ထဲ့ပေးရတယ်။ ဒီဘိန်းဖြူမှုန့် ထုပ်လေးအကြောင်း အခန်းလူကြီး ကိုအေးမောင်သိရင် ကိုကျားကြီးကိုလည်း အိပ်နေတုန်း အုတ်နီခဲနဲ့ ထုသတ်မှာဘဲ ထင်တယ်။

တွေ့ ပါပြီ။ တန်းစီး ကိုကျားကြီးကို ဖျာပေါ်မှာ မှောက်နေရင်း ကျောပေါ်က နင်းသူနင်း၊ ခြေသလုံးတဖက် တယောက်စီ နှိပ်နဲ့ အေးအေးဆေးဆေး အနှိပ်ခံ ဇိမ်ကျနေပါတယ်။ ဒါနဲ့ တောင် တန်းစီး ကိုကျားကြီး ညည်းလိုက်သေးတယ်။ "ထောင်ထဲမှာ နေရတာ ဘဝတွေကြမ်တမ်းလှပါတယ်" ဆိုဘဲ။ တကယ်ဆို မျက်နှာရအောင် တန်းစီးလက်ထဲ ဘိန်းဖြူမှုန့် ထုပ် ပေးလိုက်ချင်ပေမယ့်၊ အနှိပ်သည် ကောင်လေးတွေ လက်ထဲ ထဲ့ခိုင်းလိုက်လို့ ကိုစိန်ယုံ အောက်သီး၊ အောက်သက်နဲ့ ဘဲ ကောင်လေးတွေ လက်ထဲကို ထဲ့ပေးလိုက်တယ်။

ကိုစိန်ယုံ သိပ်မကျေနပ်ပါ။ ကိုကျားကြီးက **"ဟေ့ …စိန်ယုံ လက်ဆောင်ကို မနက်ဖြန်မှ ကောင်လေးတွေနဲ့ ပို့ ခိုင်းလိုက်မယ်။ မင်း အခု ပြန်နိုင်ပြီ"** ပြောလိုက်တော့ ငွေလိုချင်လို့ ရောင်းပါတယ်။ အကြွေးနဲ့ တွေ့ နေတယ်ဆိုသလို ဖြစ်နေပြီ။ ဒါပေမဲ့ ကြောက်ရတော့ **"ဟုတ်ကဲ့ ခင်ဗျာ"** ပေါ့။

ကောင်ချောလေးတယောက်ဟာ ခြေဖဝါးကို ရေနဲ့ သေသေချာချာပွတ်သပ် ဆေးကြောပြီး ကိုကျားကြီး နောက်ကျောပေါ် တက်လိုက်တယ်။ ကိုကျားကြီး မျက်နှာဟာ အလွန်ကျေနပ်နေပါတယ်။ အဆောင် ၄ ကို ပြန်ရတိုင်း စိတ်ညစ်တာဟာ အခန်းတွေကို ဖြတ်ရတာ သူနဲ့ မကြည်တဲ့ လူတွေရဲ့ မျက်လုံးတွေကို ရင်ဆိုင်ရတာ စိတ်ညစ်တာ အမှန်ဘဲ။ ကိုယ့်အပေါ် မကြည်လင်သူတွေ များပါဘိသနဲ့ ။ မိမိရဲ့ အိပ်ခန်းထဲ ရောက်သွားတော့မှဘဲ သက်ပြင်းချနိုင်တော့တယ်။ အခန်းထဲ ရောက်မှဘဲ ကြောက်စိတ်လည်း ပျောက်သွားတယ်။

သူ့ ရဲ့ စားကြွင်း၊ စားကျန်တွေကို လာစားတဲ့ ပိုးဟပ်တွေကို သတ်ပစ်လိုက်ရတဲ့ ခံစားမှုမျိုး တဖန် ပြန်ရလာတယ်။

ဒီနေ့ ပြီးပြီ။ ကောင်းကောင်း အိပ်ရတော့မယ်။ ငါချမ်းသာပါစေ။